dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"How to fairly share Lands?"***

ဖြစ်ပါတယ်။(မေ ၁၄ ၊ ၂၀၁၆ (ပြင်ဦးလွင်)ရိုက်ကူးသည်။)

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "မြေယာသိမ်းဆည်းမှု ပြဿနာတွေကို ဘယ်လိုမျှတအောင် ဖြေရှင်းကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

ပြီးခဲ့သည့် အစိုးရသက်တမ်းအတွင်း မြေယာသိမ်းဆည်းမှု ပြဿနာမှာ လူပ်ခတ်မှု အများဆုံး ဖြစ်ခဲ့သည်။ ရန်ကုန်မြို့အပါအဝင် နယ်ဒေသများ၌ပါ မြေယာသိမ်းဆည်းမှု ပြဿနာများ ဖြစ်ပေါ်ခဲ့ပြီး အစိုးရ၏ ဖြေရှင်းဆောင်ရွက်မှုများမှာလည်း ထိရောက်မှုအားနည်းခဲ့သည်ဟု သုံးသပ်ကြသည်။

ပထမအကြိမ် ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်၌ တပ်မတော်က သိမ်းဆည်းထားသည့် လယ်ဧကသုံးသိန်းကျော်ကို စွန့်လွှတ်ပြီးဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေရှင်းခဲ့သော်လည်း မြေယာပြဿနာမှာ ဆက်လက်ကြီးထွားဆဲပင်ဖြစ်သည်။

၂၀၁၂ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် မြေယာသိမ်းဆည်းခံရမှုနှင့် ပတ်သတ်ပြီး စုံစမ်းစစ်ရေး ကော်မရှင်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်၆၀ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၁ရက် နေ့အထိ အစိုးရအဖွဲ့သို့ အမှုတွဲ ပေါင်း ၁၉,၈၃၆ မှု ပေးပို့ခဲ့ပြီး၊ မြေအသုံးချမှု စီမံခန့်ခွဲရေး ဗဟို ကော်မတီမှ အမှုတွဲ ပေါင်း ၁၂ ၉၇၀ မှု ဖြေရှင်းနိုင်ခဲ့ပြီး ဆောင်ရွက်ဆဲ အမှုတွဲပေါင်း ၆၄၂၃ မှု ကျန်ရှိနေသေးသည်ဟုလည်း ကော်မရှင်၏ အစီရင်ခံစာအရ သိရပြီး မြေယာသိမ်းဆည်းမှုများ ထဲမှ မြေဧက ၃၅၉,၉၀၁ ဒသမ ၇၂၇ ပြန်လည် စွန့်လွှတ်ခဲ့ပြီး ဖြစ်ကြောင်းလည်း သိရသည်။

ရွေးကောက်ပွဲတွင် "တောင်သူလယ်သမားများ လယ်ယာမြေကို ဥပဒေနှင့် အညီ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်ရှိရန်၊ တောင်သူ လယ်သမားများ၏ ဥပဒေမဲ့ ဆုံးရှုံးခဲ့သော လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးများ ရရှိရေး ဥပဒေနှင့်အညီ ဆောင်ရွက်မည်" ဆိုထားခဲ့သည့် ယခုအစိုးရသစ်လက်ထက်၌ မေလ ၅ ရက် နေ့က "လယ်ယာမြေ နှင့်အခြားမြေများသိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ"ကို ဖွဲ့စည်းပေးခဲ့ပြီး ၊ လယ်ယာမြေသိမ်းဆည်း ခြင်း ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားဖို့ကိုလည်း ၄င်း အမိန့်ကြော်ငြာစာဖြင့် တားမြစ်ထားခဲ့သည်။

အစိုးရ၏ စီးပွားရေးစီမံကိန်းများ၊ တပ်၏မြေယာပိုင်ဆိုင်မှုများ စသည်ဖြင့် နိုင်ငံတဝန်း၌ မြေယာသိမ်းဆည်းမှုများစွာဖြစ်ပေါ်ခဲ့ပြီး လျော်ကြေးပေးမှုများ၊ သဘောတူညှိနှိုင်းများဖြင့် အချို့ကို ဖြေရှင်းနိုင်ခဲ့သော်လည်း  မပြီးပြတ်သေးသည့် မြေယာပြဿနာမှာ များစွာကျန်ရှိနေသေးရာ ယင်းကို မည်သို့ဖြေရှင်းနိုင်မည်လဲ ဆိုသည်မှာ လက်ရှိအစိုးရ အတွက် စိန်ခေါ်ချက်တစ်ရပ်လည်း ဖြစ်သည်။

ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်မှ အဆိုပါအကြောင်းအရာနှင့် ပတ်သက်၍ ရှုထောင့်စုံမှ ဆွေးနွေးကြမှုကို တင်ဆက်မည်ဖြစ်ပါသည်။

**သူတို့အမြင်**

"အန်ကယ်တို့ ပြီးပြတ်မလားဆိုတော့ ပြီးပြတ်မယ်လို့ အန်ကယ်သတ္တိရှိရှိ စိန်ခေါ် ပြီးပြောချင်တယ်။ ဘာတွေလိုအပ်သလဲဆိုတော့ခုနကပြောသလို မှန်မှန်ကန်ကန်မျှမျှ တတ ဖြေရှင်းဖို့အတွက် ဖြေရှင်းတဲ့ အဖွဲ့အစည်းဟာ မြေသိမ်းစဉ်အခါက ပါဝင်ပတ်သက်ခဲ့တဲ့ အဖွဲ့အစည်းမဖြစ်ဖို့ လိုအပ်တယ်။ ဒါက နံပါတ် (၁)အချက်။ နံပါတ်(၂) အချက်ကတော့ ဖြေရှင်းတဲ့အခါမှာ ဖြေရှင်းတဲ့ဆုံးဖြတ်ချက်က ဒီနည်းဥပဒေမှာ ပြဌာန်းထားတဲ့ အတိုင်းဖြေရှင်းသွားဖို့လိုတယ်။ နံပါတ် (၃)  ကတော့ အဲဒီလိုဖြေရှင်းတဲ့အခါမှာ လက်ရှိ မြေဂယ် မြေရရှိ ထားတဲ့ တပ်မတော်ခရိုနီတွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေ၊ မြေရယူထားတဲ့ အဖွဲ့အစည်းတွေဟာ  ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်က ချမှတ်ထားတဲ့အတိုင်း မူလလယ်သမားကို ပြန်ပေး၊  မပေးရင် ကာလပေါက်ဈေးအတိုင်း ပေးလျော်ရမယ်လို့ပြောထားတယ်။ အဲဒီလို ပြောထားတဲ့အတိုင်း အကောင် အထည်ဖော်ပေးဖို့ အားလုံးက နားလည်မှုရှိဖို့နဲ့ ညှိနှိုင်း ဆောင်ရွက်ဖို့လိုအပ်ပါတယ်။

**ဦးစိန်ဂင်း** - ပြည်သူ့လွှတ်တော် တောင်သူလယ်သမားကော်မတီ ဥက္ကဋ္ဌ။

"ကျွန်တော်တို့ တပ်တည်ဆောက်ဖို့ သဲဖြူဆိုတဲ့ဒေသမှာ မြေသိမ်းပါတယ်။ တပ်မတော်က သိမ်းတာမဟုတ်ဘူး။ တပ်မတော်က တပ်တည်ဆောက်ဖို့အတွက် မြေလိုချင်တယ်လို့ ပြောတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီမြေဟာ မြေပုံထဲမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတောပျက်မြေ ဖြစ်ပါတယ်။ လက်တွေ့မှာ ရွာရှိ တယ်။ ဘုရားရှိတယ်။ ကျောင်းရှိတယ်။ ဒီတော့ မြေကြီး၊ မြေပုံမှားနေတဲ့ သဘောရှိပါတယ်။ ဘယ်သူ့ကြောင့် မှားတယ်ဆိုတာကို ဆန်းစစ်ဖို့လိုပါတယ်။ ဥပဒေအရတော့ သိမ်းခဲ့ပေမယ့် ဒီလိုမှားယွင်းပြီး သိမ်းခဲ့တယ်ဆိုရင် တော့ ဒီအချိန်မှာ ကျွန်တော်တို့ပြန်ပြီး ကုစားပေးဖို့ လိုပါတယ်။ ဒီလိုမြေကြီး၊ မြေပုံကွဲလွဲနေတဲ့ ကိစ္စတွေကို မှန်မှန်ကန်ကန်ဆောင်ရွက်ပေးဖို့ လိုပါမယ်"

**သူရဦးရွှေမန်း** - ပြည်ထောင်စုလွှတ်တော် နာယကဟောင်း(၂၀၁၄)။

***Information links:***

www.burmese.dvb.no
www.thefarmermedia.com
www.burma.irrawaddy.org
www.dvbdebate.net